# ကျွန်းဘိုးကျေးရွာ
# ပန်းတနော်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
## (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကျွန်းဘိုးကျေးရွာ၊ ပန်းတနော်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


မာတိကာ ၂

စကားချီး ၅

ကျွန်းဘိုးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ရာသီခွန်ပြပုံ၊အဖွဲ့အစည်းပြပုံ၊
ပန်းတနော်မြို့နယ် ၇

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်**

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၁၀

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၁၂

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၁၃

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှုများ

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ** ၁၅

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၂၀

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

( ခ ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၂၅
**(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စရပ်များ** ၂၆
**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၂၈
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
( ခ ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
( ဂ ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၃၃
**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၃၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
( ခ ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
( ဂ ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ၃၆
(က) ကြီးကြပ်စစ်ဆေးခြင်း
( ခ ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
( ဂ ) နည်းပညာဆိုင်ရာ အကူအညီ
**နောက်ဆက်တွဲ**
နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား၊ ၃၉
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ၄၁
နောက်ဆက်တွဲ (၂) စီမံကိန်းအထောက်အကူပြုဇယားများ ၄၂
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ
ဇယား ၃ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၄ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၅ ဥစ္စာဓနေ အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၇ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၈ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား ၉ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ
ဇယား ၁၀ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၁၁ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား ၁၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၁၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၁၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၁၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၁၆ ကျောင်းတက်နှုန်း
ဇယား ၁၇ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဂန်ဆောင်မှုများ
ဇယား ၁၈ အဖြစ်များသော ရောဂါများ
ဇယား ၁၉ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၂၀ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၂၁ သောက်သုံးရေ ရရှိမှု
ဇယား ၂၂ အိမ်သာ အမျိုးအစား
ဇယား ၂၃ ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ
ဇယား ၂၄ သဘာဂပတ်ဂန်းကျင်နှင့် သဘာဂအရင်းအမြစ်များအခြေအနေ
ဇယား ၂၅ ကျား - မ ရေးရာ
ကိုးကားစာရင်း ၅၈

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျွန်းဘိုးကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါ သည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲ ရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှ လည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ် များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက် များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သောလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့်လုပ်ငန်းစဉ်များ ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို


အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

**ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်** တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။

စက်တင်ဘာလ၊ ၂၀၁၈ ခုနှစ်
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျွန်းဘိုးကျေးရွာ
ပန်းတနော်မြို့နယ်

ကျွန်းဘိုးကျေးရွာ သယံဇာတပြမြေပုံ၊ ပန်းတနော်မြို့နယ်



## မင်းဆယ်ကျေးရွာအုပ်စု ထွန်းပကျွန်းဘိုးကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဂါဆို | ဂါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတု | | | | | | | | | | | | |
| ၂ | အလုပ်အကိုင် | ငြုပ် | စိုက်ခင်း | စိုက်ခင်း | ကွမ်း | ကွမ်း | ယာ | စပါး | စပါး | ပဲ | ပဲ | ပဲ | ပဲ |
| ၃ | သဘာဝဘေး | | | | | | | | | | | | |
| ၄ | ပွဲတော် | | | | | | | | | | | | |
| ၅ | တုပ်ကွေး | | | | | | | | | | | | |
| ၆ | ကွမ်း | | | | | | | | | | | | |
| ၇ | အခြားသီးနှံ | ငြုပ် | | | | | | | | | | | |
| ၈ | ရေ | | | | | | | | | | | | |
| ၉ | ငွေ | | | | | | | | | | | | |

မင်းဆယ်ကျေးရွာအုပ်စု၊ ကျွန်းဘိုးကျေးရွာ၏
ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ တည်ရှိမှုပုံစံပြ( Venn Diagram )



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

### (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါ သည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့်အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်း ကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ် ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့ အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် ထည့်ဝင်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပန်းတနော်မြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်း ဒေသကြီး၊ မအူပင်ခရိုင်တွင် တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်နှင့် ၁၇ဒီဂရီ ၂၃ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၈ မိနစ်နှင့် ၉၅ ဒီဂရီ ၅၃ မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၄၉၈.၅၂) စတုရန်းမိုင်ကျယ်ဝန်း ပါသည်။ အရှေ့မှ အနောက်သို့(၁၇)မိုင်ရှိပြီး တောင်မှ မြောက်သို့(၂၇)မိုင်ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည် အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့ နယ်၊ အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်၊ တောင်ဘက်တွင် ဝါးခယ်မ မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ် လျှက်ရှိပါသည်။

ပန်းတနော်မြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှု များသော ဒေသဖြစ်ပါသည်။ ပန်းတနော်မြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံး အပူချိန် ၂၉.၂၂°C ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၂၃.၉၇°C ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁ဝ၈) ရက်ရှိပြီး ပျမ်းမျှ မိုးရေချိန်မှာ (၈၈.၁၉) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်လနှင့် ဩဂုတ်လများ ဖြစ်ပါသည်။

ကျွန်းဘိုးကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ မင်းဆယ်ကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ပန်းတနော်မြို့နယ်နှင့် (၃) မိုင် ကွာဝေး ပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှာ ကျွန်းကြီးကျေးရွာ၊ ထွန်းပအရှေ့ကျေးရွာ၊ လှိုင်းတာကျေးရွာ၊

ထွန်းပပျဉ်ဘိုးကျေးရွာနှင့် ရွာသာကြီးကျေးရွာတို့ ဖြစ်ပါသည်။ ကျွန်းဘိုးကျေးရွာသည် လယ်လုပ်ငန်း အဓိက လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်သည်။ အခြားလုပ်ငန်း များကိုလည်း အနည်းငယ် လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ**

ကျွန်းဘိုးကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များ ထွက်ရှိမှုမှာ သဲကို ချောင်းမြောင်းတွင် ထုတ်ယူရရှိပါသည်။ သို့သော်လည်း ဆေးဖက်ဝင် အပင်များဖြစ်သည့် ဘုန်းမသိမ်၊ လောက်သေ၊ ပွေးကိုင်၊ ဆင်တုံးမနွယ်၊ ကုန်းဇေဒါ၊ ကြိတ်မှန်ရွက်၊ ဆင်တုံးမနွယ်နှင့် ကုလားပင်စိမ်း စသည့်တို့ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင် အပင်များ ပေါက်ရောက်သည့် ဒေသ တစ်ခုလည်း ဖြစ်ပါသည်။ လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီ အသင့်အတင့်ကောင်းမွန်သည်။ တောင်သူအားလုံးမှာ ချောင်းရေနှင့် အစီစိတွင်းရေဖြင့် လယ်မြေဧက (၂၃၀.၂၅) ခန့်ကိုသာ ရေသွင်း စိုက်ပျိုးနိုင်သည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက (၂၃၀.၂၅)ဧက ရှိပြီး စပါး၊မတ်ပဲနှင့်ကွမ်းများကို အဓိက စိုက်ပျိုးကြသည်။

## (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

ကျွန်းဘိုကျေးရွာတွင် အိမ်ထောင်စု (၁၆၈) စုရှိပြီး၊ လူဦးရေစုစုပေါင်း (၈၁၃) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၈၃) ဦးနှုန်း ရှိသောကြောင့် ကျေးလက် အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅)ဦး နှုန်းထက် လျော့နည်းနေပါသည်။ အသက် (၁၅ နှစ်မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၆၆.၇၉% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ်အထက် လူဦးရေစုစုပေါင်း ၃၃.၂၁% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင် ပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာနေအဆင့် ခွဲခြားမှု နည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၈၈) ရာခိုင်နှုန်းမှာ ဆင်းရဲသား အိမ်ထောင်စုများ ဖြစ်ကြ ပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ (၄)စုရှိပြီးလယ် (၂၀) ဧက အထက် ပိုင်ဆိုင်သူများ ဖြစ်ကြသည်။ အိမ်အနေအထားမှာလည်း တိုက်ခံ၊ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်းဖြစ်ပြီး လယ်ယာသုံး ကိရိယာများ အပြည့်အစုံနှင့် နွားစသည်တို့ ပိုင်ဆိုင်ကြသည်။

အလယ်အလတ် အိမ်ထောင်စုများမှာ (၁၆)စု ရှိပြီး လယ်(၁၀-၂၀) ဧကကြား လုပ်ကိုင်ကြသူများဖြစ်ကြပြီး ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုးသည့် အိမ်အမျိုးအစားများဖြင့် နေထိုင်ကြပါသည်။ လယ်ယာသုံး ကိရိယာများ အနည်းငယ်နှင့် ကြက်၊ ဝက်များကို မွေးမြူကြသော အိမ်ထောင်စု အနည်းငယ် ပါဝင်ပါသည်။ တစ်နှစ်ဝင်ငွေမှာ မများပြား သော်လည်း အကြွေးတင်ရှိမှုမှာ အနည်းငယ်ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုမှာ (၆၉) စုရှိပြီး လယ် (၀.၁-၁၀) ဧကအောက် ပိုင်ဆိုင်ပြီးအချို့မှာ မြေယာမဲ့များ ဖြစ်ကြသည်။ လယ်ယာသုံးကိရိယာပိုင်ဆိုင်မှု နည်းပြီး အိမ်အခြေအနေမှာ ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုးအိမ်များ ဖြစ်ကြပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ (၇၉) အိမ်ဖြစ်ပြီး မြေယာမပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။ ကျေးရွာအိမ်ထောင်စု၏ (၇၅.၅)ရာခိုင်နှုန်းဖြစ်ပြီး ကျပန်း လုပ်ကိုင်ကြသူများဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်းဘိုကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၁၄၈) စု ရှိသည့်အနက် (၁၈) ရာခိုင်နှုန်းမှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၈၂) ရာခိုင်နှုန်းမှာ (၃ - ၆) လ အထိ ဝမ်းစာဖူလုံမှုရှိ၍ ချေးငှားခြင်း မပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ကြပါသည်။ ၎င်းတို့သည် လုပ်အားခ ကြိုယူခြင်း၊ ငွေတိုးချေးစားသူများထံမှ ချေးယူခြင်း၊ ခေါက်ပြန်ပေး အကြွေးယူခြင်း အပြင် အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံ ရန် ဖြေရှင်းနေကြရပါသည်။ ငွေကြေးအရင်းအနှီး မဖူလုံသော ဆင်းရဲသားတောင်သူများအဖို့ ထိခိုက်မှုများ ရှိနိုင်ပါသည်။ ရေဘေးနှင့် ကြုံတွေ့လာလျှင် အနိမ့်ပိုင်းတွင်နေထိုင်သော အိမ်ထောင်စု (၅၀)ရာခိုင်နှုန်းခန့်မှာ အခက်အခဲ ကြုံတွေ့ရနိုင်သည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက (၃)မိုင်အတွင်း ကွာဝေးသော မြို့နယ် ပြည်သူ့ဆေးရုံတွင် အဓိကထား၍ သွားရောက်ပြသပါသည်။ အရေးပေါ်ကိစ္စရပ်များ အတွက် ကိုလည်း ပန်းတနော်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက် ပြသကြပါသည်။ ကျေးရွာ အတွင်းတွင် မြစ်ရေနှင့် လက်နှိပ်တုံကင် (၈၂) တွင်း ရှိပြီး သောက်ရေအတွက် လုံလောက်မှု ရှိသော်လည်း ရေအရည်အသွေးမှာ ညံ့ပါသည်။ သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွါးမှုရှိကြောင်း တွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်း တို့သည် လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်၊၊ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန် ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျွန်းဘိုကျေးရွာအခြေခံပညာ မူလတန်း(လွန်)ကျောင်းတွင် ကျေးရွာမှ ကျောင်းသား (၁၃၅) ဦးခန့် အခြားကျေးရွာမှ ကျောင်းသား(၁၂)ဦး စုစုပေါင်း(၁၄၇)ဦးရှိပါသည်။ ကျောင်းအကျိုးတော်ဆောင် (၁၁) ဦး၊ ကျောင်းသားမိဘများ အားလုံးပါဝင် ပူးပေါင်းဆောင်ရွက်ပါသည်။ ကျွန်းဘိုးကျေးရွာသည် ပန်းတနော်မြို့နှင့် (၃)မိုင်သာ ကွာဝေးသော်လည်း ကျေးရွာရှိ ကျေးရွာသူ/သားများတွင် ဘွဲ့ရသူဦးရေ နည်းပါးကြောင်း သိရှိရပါသည်။

ကျေးရွာရှိ လယ်သမားများ အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့်ပဲဖြစ်ပြီး မိုးရာသီနှင့် နွေရာသီ နှစ်သီး စိုက်ပျိုးကြသည်။ နှား၊ ဆိတ်၊မြင်း၊ ဝက်၊ ဒေသကြက် စသည်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ ရေလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုမှာ (၁)စု တည်းသာရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်မှုမရှိသော အိမ်ထောင်စုများအနေဖြင့် ဈေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ ပန်းရံ-လက်သမား၊ ခေါင်းရွက်ဗျက်ထိုး၊ ဆိုင်ကယ် အငှါးယာဉ် ၊ အစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ အစိုးရဌာနများတွင် ဝင်ရောက် အမှုထမ်းနေသော အစိုးရဝန်ထမ်းရှိသည့် အိမ်ထောင်စုများလည်း အနည်းငယ် ရှိနေပါသည်။

**(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု**

ကျွန်းဘိုကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးမှာ အမျိုးသား ဦးရေထက် များပါသည်။ ကောက်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၅၀၀၀) ကျပ်ခန့် ရရှိကြသည်။ ကောက်ရိတ်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၅၀၀၀) ကျပ်ခန့် ရရှိကြပါသည်။ နေ့စားအလုပ် လုပ်ကိုင်သူများမှာ ဈေးဆိုင် ဂန်ထမ်း၊ ပန်းရံ-လက်သမား အလုပ်သမားများ အဖြစ် သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် လုပ်အားခ ကျား(၅၀၀၀) ကျပ်၊ မ (၃၀၀၀) ကျပ် ရရှိပါသည်။ ကျေးရွာ အိမ်ထောင်စုပေါင်း (၁၆၈)စု လုပ်ကိုင်ကြသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီး ရေးရာအဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင်ပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲ ဖြစ်ပါသည်။

## (၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူ ပြုနိုင်ပါသည်။

## (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျောင်းကော်မတီ၊ လူငယ်အဖွဲ့၊ မီးသတ်နှင့် အမျိုးသမီးရေးရာတို့သည် ကျေးရွာ၏ သာရေးနာရေး ကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေး အဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ သားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာရှိ လယ်သမားများ အဓိက စိုက်ပျိုးသောသီးနှံမှာ စပါးနှင့်ပဲဖြစ်ပြီး မိုးရာသီတွင် စိုက်ဧက (၂၃၀.၂၅)စိုက်ပျိုးကြပါသည်။ မိုးစပါးတွင် စိုက်ခင်းအားလုံးသည် ရွှေ့ပြောင်းစိုက်သည့်စနစ်နှင့် ကြဲသည့်စနစ်တို့ကို ကျင့်သုံးကြပါသည်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးသော ချေးငွေမှာ မြေပြင်ဆင်စရိတ်နှင့် စိုက်ပျိုးစရိတ်အထိ အထောက် အကူပြုပါသည်။ သို့သော် ဓာတ်မြေဩဇာနှင့် ရိတ်သိမ်းစရိတ်တို့ အတွက် ပြင်ပလုပ်ငန်းရှင် များနှင့် ဓာတ်မြေဩဇာ အရောင်းဆိုင်များမှ အတိုးနှုန်း (၅) ကျပ်နှုန်းဖြင့် ချေးယူရပါသည်။ နွေစပါးတွင်မူ မြေပြုပြင်ချိန် တိုတောင်းခြင်းနှင့် ရာသီချိန် တိုတောင်းလွန်းခြင်းကြောင့် လယ်သမားများအားလုံး နွေးစပါး ကြဲသည့်စနစ်ကို အသုံးပြုပြီး ပဲလည်း စိုက်ပျိုးကြပါ သည်။ နွေစပါး စိုက်ချိန်နောက်ကျသည့် လယ်များတွင် စိုက်ပျိုးရေအား အဝီစီတွင်းမှ ရရှိပြီး အသင့်အတင့် လုံလောက်မှုရှိပါသည်။

ကျွန်ဘိုးကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေး အနည်းငယ် လုပ်ကိုင် ကြပါသည်။ နွား၊ ဆိတ်၊မြင်း၊ ဝက်၊ ဒေသကြက် မွေးမြူကြပါသည်။ မွေးမြူရေးကို အဓိကထား လုပ်ကိုင်သော မိသားစု (၉၁) စု ရှိကြပါသည်။ ကျေးရွာ၏ မွေးမြူရေးလုပ်ငန်း တိုးတက်ရန် အတွက် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် အထူးလိုအပ်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျွန်းဘိုကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်း လုပ်ကိုင်သူများမှာ ဈေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ ပန်းရံ-လက်သမား၊ ခေါင်းရွက် ဗျက်ထိုး၊ ဆိုင်ကယ်တက်အငှါးလိုက် အစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ နေ့စားအလုပ်လုပ်ကိုင်သူမူများမှာ ဈေးဆိုင် ဂန်ထမ်း၊ ပန်းရံ-လက်သမား အလုပ်သမားများ အဖြစ် သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် လုပ်အားခ ကျား(၅၀၀၀) ကျပ်၊ မ

(၃၀၀၀) ကျပ် ရရှိပါသည်။ ကျေးရွာ အိမ်ထောင်စုပေါင်း (၁၆၈) ခန့် လုပ်ကိုင်ကြသည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါးစိုက်ခင်းနှင့် မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ် အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝ ပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့် သည်။

ကျွန်းဘိုကျေးရွာ၏ အနောက်ခြမ်းတွင် နှစ်စဉ်မိုးတွင်းကာလတွင်း ရေကြီးရေလွှမ်းမှု ဖြစ်ပွါးလျက်ရှိပါသည်။ မြစ်ကမ်းဘေးဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်မှာ နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံကြုံ တွေ့ရတတ်သည်။ ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့ မည်သည့်ဌာနမှ သင်တန်းပေးခြင်း၊ ကြိုတင် စီမံပေးခြင်းမရှိပါ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရေဒီယို၊ တီဗွီတို့မှသိရှိရပါသည်။ မြို့နယ်နှင့် အနည်းငယ်သာ ဝေးကွာသည့်အတွက် ဒေသလုံခြုံရေးအား မြို့နယ်ရဲစခန်းမှ တာဝန်ယူ ဆောင်ရွက်ပါသည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီး ဌာနတို့ ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧက လျှင် (၁၅၀,၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၁,၅၀၀,၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၄၂) ကျပ်နှုန်း ဖြစ်ပြီး လတိုး ဖြစ်သည်။ ထုတ်ချေးသည့် ကာလမှာ (၇) လ ဖြစ်သည်။ လယ်သမားများအနေဖြင့် လုံလောက်သော ချေးငွေပမာဏအား နှစ်ရှည် (အနည်းဆုံး၃နှစ်) ထုတ်ချေးမည် ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်ပေသည်။

သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေး နိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅,၀၀၀) ကျပ် စုရသည်။ စိုက်ပျိုးရေးနှင့် ကျပန်းဟူ၍ ငွေထုတ် ချေးသည့် ပုံစံ(၂)မျိုး ရှိပါသည်။ အတိုးနှုန်းလည်းမတူချေ။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် (၁၀၀,၀၀၀) ကျပ် ထုတ်ချေးနိုင်ပါသည်။

ပက်-မြန်မာ၊ ဖူလတန်ငွေကြေးဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင် အထည်ဖော် ဆောင်ရွက်နေသည်မှာ (၃)နှစ်ခန့် ရှိပြီဖြစ်သည်။ စိုက်ပျိုးရေးချေးငွေနှင့်

ကျပန်းများအား ချေးသည့် ရိုးရိုးချေးငွေဟူ၍ နှစ်မျိုးရှိသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင် (၂၀၀,၀၀၀) ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ (၈၀,၀၀၀)ကျပ် ဖြစ်သည်။ စိုက်ပျိုးရေး ချေးငွေရရှိရန် ပုံစံ (၇) လိုအပ်သည်။ သို့ရာတွင် ကျပန်း မိသားစုများအနေဖြင့် ငွေချေးရန် အခက်အခဲ ရှိနေပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြန်လည် ပေးဆပ်သည့် ပုံစံမှာ (နှစ်ပတ်လျှင် တစ်ကြိမ်) ပြန်လည်ပေးဆပ်ရခြင်း၊ ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်းပညာများ မရှိခြင်းတို့ကြောင့် ဖြစ်သည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး**

ကွန်းဘိုကျေးရွာရှိတွင်း အခြေခံပညာမူလတန်း(လွန်)ကျောင်းရှိပြီး ကျောင်းသား/ သူများ ပညာသင်ကြားနေရပြီး အဆိုပါကျောင်းဆောင်မှာ ၉၀'x ၃၀'x ၁၀'ရှိသော တစ်ထပ်အုတ်ကျောင်းဖြစ်ပြီး အရည်အသွေးကောင်းမွန်မှု ရှိပါသည်။ ကျောင်းအုပ်ဆရာမကြီး (၁) ဦး၊ လက်ထောက် ဆရာ၊ ဆရာမ (၈) ဦးနှင့် ကျေးရွာခန့် ဆရာမ(၃)ဦး စုစုပေါင်း (၁၃) ဦး ရှိပါသည်။ ဆရာ၊ တပည့် အချိုးအားဖြင့် (၁၃) ဖြစ်ပါသည်။ ကျောင်းတွင် အခန်းများ ခွဲထားပါသည်။ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသူ/သား (၁၄၇) ဦး ရှိပါသည်။ သောက်သုံးရေကို ကျောင်းဝင်းအတွင်း ရှိ လက်နှိပ်တုံကင်မှ ခပ်ယူသုံးစွဲပါသည်။ (၃) ခန်းတွဲ အိမ်သာတစ်လုံး၊ (၂) ခန်းတွဲ အိမ်သာတစ်လုံးကလည်း ကျောင်းသူ၊ ကျောင်းသားများ အတွက် လုံလောက်မှု ရှိပါသည်။ ထိုင်ခုံနှင့် စာရေးခုံများ လိုအပ်ချက် ရှိပါသည်။

ကျေးရွာမှ (၃) နှစ် အထက် ကလေးများ (၁၈) ယောက်ကို မူလတန်းကျောင်းတွင်ပင် မူကြိုကလေးများအဖြစ် သင်ကြားပေးနေပါသည်။ တတ်နိုင်ပါက မူကြိုကျောင်းတစ်ဆောင် လိုအပ်နေပြီး ဆရာ၊ ဆရာမအတွက် ကုန်ကျစရိတ်ကို မိဘများမှ ကျခံပေးနိုင်ပါသည်။ ထို့အပြင် ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ သောက်ရေအတွက် အခက်အခဲ ရှိသောကြောင့် ကျောင်းသား၊ ကျောင်းသူများ အတွက် ဂါလံ(၂၀၀၀)ဆန့် မိုးရေလှောင်ကန်တစ်ကန် တည်ဆောက်နိုင်ပါက တစ်နှစ်ပတ်လုံး သောက်ရေ ဖူလုံနိုင်ပေမည်။ ကျောင်းသား/သူများသည် ပန်းတနော်မြို့ပေါ်ရှိ ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် သွားရောက် ပညာသင်ကြားနေသော်လည်း အောင်ချက်ကောင်းမွန်လာစေရန် ကျောင်းသား/သူများအား တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်း ဆောင်ရွက်ရန်မှာ အရေးပါလှ ပါသည်။

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက (၃)မိုင်အတွင်း ကွာဝေးသော မြို့နယ် ဆေးရုံတွင် အဓိကထား၍ သွားရောက်ပြသပါသည်။ မြို့နယ်ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်း

များက ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပါသည်။ အသေးစား ကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကို ကျွန်းဘိုးကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များတွင် ရရှိနိုင်ပြီး အကြီးစား ကျန်းမာရေးအတွက်က ပန်းတနော်မြို့ပေါ်ရှိ ဆေးဆိုင်တွင် ရနိုင်ပါသည်။ အရေးပေါ် ကိစ္စရပ်များအတွက်ကိုမူ ပန်းတနော်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသ ကြပါသည်။ ကျေးရွာအတွင်းတွင် ကျေးလက် ကျန်းမာရေးဆေးပေးခန်း တစ်ခန်းထား ရှိရန်နှင့် ကျန်းမာရေးဝန်ထမ်းတစ်ဦးရှိခြင်းဖြင့် ကျေးရွာအတွက်ပါ ကောင်းမွန်သော အကျိုးသက်ရောက်မှု ရှိလာပါမည်။

ကျေးရွာအတွင်းတွင် အုတ်ကာရံထားသော သောက်ရေတွင်း (၁) တွင်းသာ ရှိပါသည်။ လက်နှိပ်တုံကင် (၈၂) တွင်း ရှိသော်လည်း သောက်ရေအတွက် လုံလောက်မှု ရှိသော်လည်း ရေအရည်အသွေးမှာ ညံ့ပါသည်။ ကျေးရွာသောက်ရေ လိုအပ်ချက်ကို ဖြည့်ဆီးရန်အတွက် (၄) လက်မ စက်ရေတွင်း တစ်တွင်းနှင့် အုတ်ရေကန်တစ်ကန် လိုအပ်နေပါသည်။ ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ (၁၆၇) အိမ်ရှိပြီး ယင်လုံအိမ်သာဆောက်လုပ်ရာတွင် မြေပြိုခြင်း၊ ကမ်းပြိုခြင်းကြောင့် ကွန်ကရစ်ခွေချမှသာ ဆောက်လုပ်နိုင်မည် ဖြစ်သဖြင့် ကုန်ကျစရိတ် များပြားမှုကြောင့် မဆောက်လုပ်နိုင်ကြပဲ အခြားအိမ်သာများတွင် သွားတက်ခြင်းနှင့် တောထိုင်ခြင်းများကို ပြုလုပ်ကြပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာ ဆောက်လုပ်ကြရန်နှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိကကျကြောင်း သုံးသပ် ဆွေးနွေးကြပါသည်။

### (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ဝတ်ရွတ်အဖွဲ့များနှင့် နိဗ္ဗာန်ဆော်လူငယ်အဖွဲ့များလည်းရှိပါသည်။ ဝတ်ရွတ်အဖွဲ့များသည် ဥပုဒ်အပတ်တိုင်း ဝတ်ရွတ်ကြပါသည်။ နိဗ္ဗာန်ဆော်လူငယ်အဖွဲ့များလည်း ဥပုဒ်ပတ် အာရုံးတက်ချိန်တွင် နိဗ္ဗာန်ဆော်နှိုးဆော် ကြပါသည်။ ကျေးရွာ၌ စာကြည့်တိုက် တစ်ခုလိုအပ်ပါသည်။ လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး လုပ်ငန်းများတွင် အားတက်သရော ပါဝင်လုပ်ဆောင်သော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု အားနည်းနေပါသည်။ ကျေးရွာမှ လူကြီးများ၏ လက်တွဲခေါ်ယူမှုကလည်း လိုအပ်နေပါသည်။ လူငယ်အဖွဲ့ စနစ်တကျ ဖွဲ့စည်းရေးနှင့် စွမ်းဆောင် ရည်မြှင့်တင်ပေးရန် အဆိုပြုကြပါသည်။

### (ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(၁.၅) မိုင်ရှည်သော ကျွန်းဘိုးကျေးရွာနှင့် စစ်တိုင်ရိုးကားလမ်းကို ၂၀၁၇ခုနှစ်တွင် မြေသားလမ်းကို စတင်ဖောက်လုပ်ပြီးစီးပြီ ဖြစ်ပါသည်။ ကျွန်းဘိုးကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေကြောင်းနှင့် ကုန်လမ်းနှစ်ခုစလုံးကို အသုံးပြုနိုင်ပါသည်။ ရေကြောင်းလမ်းကို တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပြီး ကုန်လမ်းကို ပွင့်လင်းရာသီတွင် သာ အသုံးပြုနိုင်ပါသည်။ အသုံးပြုသော ယာဉ်များမှာ လှေ (၃၉) စီး၊စက်လှေ(၁၆)စီး၊ စက်ဘီး (၈၈) စီး၊ ထော်လာဂျီ(၁၅)စီး၊ မော်တော်ဆိုင်ကယ် (၉၃) စီး၊သုံးဘီးဆိုင်ကယ်(၁)စီးနှင့် နွားလှည်း(၂)စီး ရှိပါသည်။

ကျေးရွာ မီးအလင်းရောင်အတွက် ဖယောင်းတိုင်နှင့် မီးခွက်ကိုသာ သုံးစွဲနေရပြီး၊ ဆိုလာမီးအလင်းကို အိမ်ခြေ (၇၄) အိမ်သာလျှင် မိမိ အစီအစဉ်ဖြင့်သာ ဝယ်ယူသုံးစွဲ နေပါသည်။ လျှပ်စစ်ဓါတ်အားလိုင်းနှင့် နီးသော်လည်း ကုန်ကျစရိတ်များသောကြောင့် လျှပ်စစ်မီးလင်းရေးမှာ ကြန့်ကြာနိုင်သေးပါသည်။ ကျေးရွာလူထုမှ လျှပ်စစ်မီးလင်းရေး ကိုသာ စိတ်ဝင်းစာကြပါသည်။ ကျေးရွာတွင် Telenor, ဖုန်းလိုင်းအများဆုံး ဆက်သွယ်နိုင်ပါသည်။ Ooredoo, MPT, Mytel ဖုန်းလိုင်းများ ဆက်သွယ်ရေး ကောင်းပါသည်။ ကျေးရွာစာကြည့်တိုက်ရှိသော်လည်း စာဖတ်လေ့လာခြင်း အလွန် အားနည်းလှပါသည်။

### (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

မိသားစုရွာကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြသဖြင့် ပြဿနာကြီးကြီးမားမား ဖြစ်လေ့မရှိပါ။ ဘာသာရေးခေါင်းဆောင်များ၏ ဆုံးမမှု၊ လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ ခိုးမှုသည် ကျေးရွာတွင် သာမန်မျှသာဖြစ်ပွားပြီး အခြားအမှုအခင်း ဖြစ်ပွားမှု မရှိပါ။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့် အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(၁) စိုက်ပျိုးရေး

ကျွန်းဘိုးကျေးရွာအနေဖြင့် လယ်ယာစိုက်ပျိုးရေးအတွက် အခြေအနေကောင်းများမှာ သဘာဝရေမြေရာသီဥတု အနေအထားနှင့် လယ်ယာမြေများအား အသင့်အတင့်အသုံးချ နိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် အသင့်အတင့်လုံလောက်ခြင်း၊ ချေးငွေများရရှိနိုင်ခြင်း၊ သီးနှံ မျိုးစေ့များကို ဝယ်ယူ၍ ရနိုင်ခြင်း၊ သဘာဝမြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ

ရရှိနိုင်ခြင်း၊ ဓာတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ လုပ်သား အသင့်အတင့်ရရှိနိုင်ခြင်း၊ နည်းပညာ၊ အုပ်ချုပ်ရေးပိုင်ဆိုင်ရာ ဝန်ဆောင်မှုအား ရရှိနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများအား ရောင်းချ ဈေးကွက်ရှိခြင်း၊ စိုက်ပျိုးရေးသုံး ကိရိယာများအား အသင့်အတင့်ပိုင်ဆိုင်ခြင်းတို့ ဖြစ်ပါသည်။

(၂) မွေးမြူရေး

ကျွန်းဘိုးကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခြေအနေ ကောင်းများမှာ မွေးမြူရေးလုပ်ငန်းအတွက် ရေ အသင့်အတင့်ရရှိနိုင်ခြင်း၊ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ဝယ်ယူရရှိနိုင်ခြင်း၊ ချေးငွေများရရှိနိုင်ခြင်း၊ မွေးမြူသောတိရစ္ဆာန်များအတွက် လိုအပ်သော သွင်းအားစုများကို ဝယ်ယူရရှိနိုင်ခြင်း၊ နည်းပညာနှင့် ဝန်ဆောင်မှုများပံ့ပိုးကူညီမှု ရရှိနိုင်ခြင်း၊ မွေးမြူထားသော ထုတ်ကုန်များ ကောင်းချရန် ဈေးကွက် ရှိခြင်းတို့ ဖြစ်ပါသည်။

(၃) ပညာရေး

ကျွန်းဘိုးကျေးရွာအနေဖြင့် ပညာရေးအတွက် အခြေအနေကောင်း များမှာကျေးရွာအုပ်စုအတွင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိခြင်း၊ မြို့နှင့်(၃)မိုင် ကွာဝေးပြီး အဆိုပါကျောင်းဆောင်၏ အရေးအသွေးမှာ အသင့်အတင့်ကောင်းမွန်ခြင်း၊ ဆရာ/မ အင်းအားလုံလောက်မှု ရှိပါသည်။

(၄) ကျန်းမာရေး

ကျွန်းဘိုးကျေးရွာအနေဖြင့် ကျန်းမာရေးအတွက် အခြေအနေကောင်းများမှာ မိမိတို့ကျေးရွာသည် မြို့နယ်ဆေးရုံနှင့် (၃)မိုင်အတွင်းကွာဝေးခြင်း၊ ဆေးရုံ အတွက် လိုအပ်သော ကုတင်၊ အခန်းများ အသင့်အတင့်ရှိခြင်းတို့ ဖြစ်ပါသည်။

ကျွန်းဘိုးကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစု ပေါင်းမှာ(၃၈၀)ဦး ဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၇၂) % ရှိပါသည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့ရဦးရေ များပြားလာသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ရှိနေပါသည်။ လူကြီး၊ လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလ အတွက် အားရဖွယ်ရာပင်ဖြစ်သည်။

ကျွန်းဘိုးကျေးရွာတွင် မိုးစပါး၊ နွေစပါး နှစ်သီး စိုက်ပျိုး ထုတ်လုပ်နိုင်သည်။ ရောင်းချချိန်တွင် စပါးဈေးနှုန်း မကောင်း၍ မိမိလုပ်အားခပြန်ရရုံ ထုတ်လုပ်မှုအဆင့်သာဖြစ်သော်လည်း လယ်သမား မိသားစုများနှင့် ကျပန်းလုပ်ငန်းများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ၊ စပါး အခြေခံရောင်းဝယ်မှု၊ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်များတွင်

ရောင်းဝယ်ဖောက်ကားသူ စသည်ဖြင့် စပါးထုတ်လုပ်မှုတစ်ခုမှ ကျေးရွာသူ/သားများအတွက် ဝင်ငွေနှင့် စားနပ်ရိက္ခာကို အတန်အသင့် ဖူလုံစေသည်ဟု ဆိုရမည်ဖြစ်ပါသည်။

စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နယ်နှင့် (၆၀)မိုင်အတွင်းသာ ကွာဝေးသည်ဖြစ်၍ ကျေးရွာရှိ ရေလုပ်ငန်းလုပ်ကိုင်သော မိသားစုများအတွက် ဖမ်းဆီးရရှိသော ငါး၊ ပုဇွန်များကို ဈေး ကွက်သို့ အမြန်ဆုံး တင်ပို့နိုင်ခြင်း၊ ငါးအမျိုးအစားအလိုက် ဈေးကွက်ကို အလွယ်တကူ ရှာဖွေနိုင်ခြင်း စသည်ဖြင့် မြို့ပေါ်ရှိ ရေထွက်ပစ္စည်းဈေးကွက်နှင့် ချိတ်ဆက်၍ ဈေးကွက် လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်မည့် အခွင့်အလမ်းရှိနေပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စုအများစုမှ အသက်မွေးမှုပြုကြသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို ထုတ်ယူနိုင်ခြင်း၊ သမဝါ ယမ ချေးငွေနှင့် ပက်-မြန်မာ၊ ဖူလတန်မှ ချေးငွေစသည်ဖြင့် ချေးငွေများကို လက်လှမ်းမီသည့် အတွက်ကြောင့် မိမိတို့အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သင့်တော်သော ရင်းနှီးငွေ ပမာဏအား ရရှိနိုင်ပါသည်။

ကျွန်းဘိုးကျေးရွာရှိ မူလတန်းကျောင်းမှာ ကျောင်းသား/သူများအတွက် သင့်တော် လုံလောက်မှုရှိသည့်အပြင် မိဘဆရာ အသင်းသည်စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် မူလတန်းအဆင့် ပညာရေးအတွက်ကောင်းမွန်သော အလားအလာများ ဖြစ်ပါသည်။ ၎င်းအပြင် အလယ်တန်းနှင့် အထက်တန်း ပညာများ သင်ယူမည့် အထက် တန်းကျောင်းနှင့် အကွာအဝေးမှာ (၁.၅) မိုင်သာရှိ၍ နေ့ချင်းပြန် ကျောင်းတက်နိုင်သည်ဖြစ်ရာ ကုန်ကျစရိတ် နည်းပါးစွာဖြင့် ပညာတတ် လူငယ်လူရွယ်များ ထွက်ပေါ်လာနိုင်မည် ဖြစ်ပါသည်။

မြို့နယ်ဆေးရုံနှင့် (၃)မိုင်သာ ကွာဝေးသောကြောင့် ကျန်းမာရေး စောင့်ရှောက်မှုများ အား ရယူနိုင်သည့် ကျေးရွာတစ်ရွာ ဖြစ်ပါ သည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှု ရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်း တို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမား မှုခင်းများဖြစ်ပွားမှု နည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အခွင့်အလမ်း တစ်ရပ်လည်း ဖြစ်သည်။

## (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျွန်းဘိုးကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များရှိ သော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လုပ်ဆောင်ချက်များတွင် အားနည်းမှု ရှိပါသည်။

(၁) စိုက်ပျိုးရေး

ကျွန်းဘိုးကျေးရွာတွင် စပါးခင်းများအချိန်မီ ရိတ်သိမ်းနိုင်ရန်အတွက် ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းအသုံးပြုလိုသော်လည်း လယ်ကွက်များ၏ အကျယ်အဝန်းမှာ ကျဉ်းမြောင်းခြင်း၊ ရိုးချောင်းများပေါများ၍ စက်ရွှေ့ရာတွင် အချိန်ကြန့်ကြာမှုရှိခြင်း စသည်တို့ကြောင့် မိမိတို့ကျေးရွာနှင့် သင့်တော်မည့် စက်အားငှားရမ်းရန် ခက်ခဲနိုင်ပါသည်။

စပါးအထွက်တိုးနည်းပညာများကို နည်းပညာဝန်ဆောင်မှု အဖွဲ့များထံမှ ရရှိနိုင်သော်လည်း လိုအပ်သော သွင်းအားစုများကို အချိန်မီ ထည့်သွင်းနိုင်မှု မရှိနိုင်ခြင်းကြောင့် အထွက်တိုးနည်း ပညာများ၏ ရလဒ်ကို အထင်အရှားမမြင်ရနိုင်၍ နည်းပညာ ပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူအားလုံး အကျိုးအမြတ် ဖြစ်ထွန်းလာရန် များစွာအချိန် ယူရအုံးမည်ဖြစ်ပါသည်။

(၂) မွေးမြူရေး

ကျွန်းဘိုးကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခက်အခဲများမှာ ကျေးရွာတွင် ကျယ်ဝန်းသည့် စားကျက်မြေများမရှိခြင်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်ရန် လုံလောက်သည့် ချေးငွေအရင်းအနှီးများ မရရှိခြင်း၊ သွင်းအားစုများ ဝယ်ယူရာတွင် ဈေးနှုန်းကြီးမြင့်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများရှိခြင်း၊ မွေးမြူထားသော ထုတ်ကုန်များကို ရောင်းချရာတွင် ဈေးကောင်းမရရှိခြင်းတို့ဖြစ်ပါသည်။

(၃) ပညာရေး

ပညာရေးအတွက် အခက်အခဲမှာ မိမိ တို့ကျေးရွာတွင် စာသင်ကျောင်းမရှိသဖြင့် အုပ်စုအတွင်းရှိ စာသင်ကျောင်းတွင် ပညာသင်ကြားရခြင်း၊ ပညာသင်ရန် စာသင်ကျောင်းသို့ သွားလာရာတွင် လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း၊ စာသင်ကျောင်းသုံး ပရိဘောဂများ လုံလောက်မှုမရှိခြင်း၊ မူလတန်းကျောင်း ထွက်နှုန်းမှာ အသင့်အတင့်ရှိပြီး အဆိုပါ ကျောင်းသားများ၏ မိသားစုမှာ ဆင်းရဲ၍ ကျောင်း စရိတ်အား မတက်နိုင်ခြင်း၊ ကျောင်းဝန်း အတွင်း အားကစားကွင်းမရှိခြင်းတို့ဖြစ်ပါသည်။

(၄) ကျန်းမာရေး

ကျွန်းဘိုးကျေးရွာအနေဖြင့် ကျန်းမာရေးအတွက် အခက် အခဲများမှာ ကျေးရွာအုပ်စု အတွင်း တိုက်နယ်ဆေးရုံရှိသော်လည်း လုံလောက်သည့် ကျန်းမာရေးအထောက်အပံ့များ မရရှိနိုင်ခြင်း၊ ကျေးရွာနှင့် တိုက်နယ်ဆေးရုံတွင် ဆေးနှင့် ဆေးဝါးဆိုင်များ ပြည့်စုံမှု မရှိခြင်း၊ ကျန်းမာရေးဝန်ထမ်း အနည်းငယ်သာရှိခြင်းတို့ ဖြစ်ပါသည်။

ရေလုပ်ငန်း လုပ်ကိုင်သူ မိသားစုများအဖို့ ငါး၊ ပုဇွန် အခြေခံထုပ်ပိုးရောင်းချခြင်း လုပ်ငန်းကို ဈေးကွက် လိုအပ်ချက်များအရ မိမိတို့ဖမ်းယူရရှိသော ငါး၊ ပုဇွန်များအတွက် အကျိုးအမြတ် ထိထိမိမိရရှိနိုင်စေရန် လိုအပ်သော ဈေးကွက် အခြေခံ သဘောတရားများနှင့် ဈေးကွက် ကွင်းဆက်များအား နားလည်သဘောပေါက်သည့် အခြေအနေသို့ ရောက်ရှိမှသာ စီးပွားဖြစ်ထွန်း နိုင်လာမည်ဖြစ်ရာ အချိန်များစွာ ယူရဦးမည်ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့် အလမ်းအတွက် နီးစပ်ရာကျေးရွာများ၊ ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့် အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲ ဖြစ်သည်။

ကျွန်းဘိုးကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမ ဝါယမအသင်းအဖွဲ့များ၊ ပက်-မြန်မာ၊ ဖူလတန် စသည်တို့မှ ချေးငွေများ ရရှိသော်လည်း တင်းကျပ်သော ချေး ငွေစည်းမျဉ်း စည်းကမ်း များနှင့် ချေးငွေကာလ တိုတောင်းခြင်းများသည် တောင်သူများ အတွက် အကျိုးအမြတ် ဖြစ်ထွန်းရန် အဟန့်အတားများ ဖြစ်နေဆဲ ဖြစ်သည်။

ကျေးရွာ၏ ဓလေ့မှာ လူကြီးများသာ ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှု ရှိသော်လည်း လူငယ်များမှာ နောက်ကျန် နေကြရသည်။ လူငယ်များအနေနှင့် အင်တာနက်မှတဆင့် သတင်း အချက်အလက်များကို ရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော မိမိတို့၏ အတွေ့အကြုံများကို ပြန်လည်အသုံးချမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်၊ ဖွံ့ဖြိုးရေး သဘောတရာများကို သဘောပေါက်နားလည်မှု အားနည်းကြသည်မှာ အနာဂတ် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ ဖြစ်ပါသည်။

## (၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ ကွန်းဘိုးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့်အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာ များကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

### (က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ ကျေးရွာသားများ ဝင်ငွေ တိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကို (၂၀၁၉ခုနှစ်မှ ၂၀၂၃ခုနှစ်)အတွင်း အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ရွာလူထုသည် စိုက်ပျိုးရေးနှင့် ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်းတိုးတက် လုပ်ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှု ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေး ဝမ်းကျောင်းပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့် လာရမည်။

(၃) ရွာလူထုသည်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

### (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိ မည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် အထွက်နှုန်းနှင့် အရည်အသွေးကောင်း ပြီး ဈေးကွက်အတွင်း လူကြိုက်များသော စပါးမျိုးများကိုသာ ဦးစားပေး စိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေး

နည်းလမ်းများအတွက် လိုအပ်ချက် များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

(၂) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်း နည်းပညာ သင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စု ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များ ဈေးနှုန်း ပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများ ရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှု ရရှိရန် လိုအပ်နေပါသည်။

(၃) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အစီအစဉ် ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်း အသေးစားလုပ်ငန်းများအတွက် လုံလောက်မှု မရှိသောကြောင့် ချေးငွေ ထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေပါမည်။

(၄) ကျေးရွာတွင်း လမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများ အတွက် သက်ဆိုင်ရာ ဦးစီးဌာနများ၊ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထု လုပ်အား ပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

(၅) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရန် မတတ်နိုင်သေးသဖြင့် လတ်တလောကာလတွင် အဆင်ပြေနိုင်မည့် ဆိုလာ ပြားများအား အိမ်တိုင်းစေ့ တပ်ဆင်နိုင်ရေးအတွက် ကျေးရွာမီးလင်းရေး ကော်မတီဖွဲ့စည်းရန်နှင့် ဆိုလာပြားများ ထောက်ပံ့ပေးနိုင်မည့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေပါသည်။

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဇဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်း

များသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ် ပေးနိုင်ခဲ့ကြ ပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင် ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့် ပါသည်။

## (ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

ကျွန်းဘိုးကျေးရွာလူထု၏ လိုအပ်ချက် တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြား ဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲ ဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင်လိုကြ သည်။ ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန် ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့် ပါသည်။

## (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့် ဆည်းပေးခြင်း

ကျွန်းဘိုးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ပန်းတနော်မြို့နှင့် မဝေးလှသော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘော တရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေး ဦးစီးဌာန၊နှင့် အခြားသက်ဆိုင်ရာ ဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊

အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်း လမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးကွက်အစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာ စေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာခြင်း၊ အခြားဒေသများတွင် ရွှေ့ပြောင်း လုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

## (၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါ ပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

## (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ်

ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်း တို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များ အပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classifi-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ် ပါသည်။

### (၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက် တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့် ဝန်ကြီးဌာနနှင့် သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

### (၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊

- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ -ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍာ / အကြောင်း အရာ | စီမံချက် | ရမှတ် ပေါင်း | အ ဆင့် | စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***အုပ်ချုပ်ရေး ကဏ္ဍာ*** | | | | | |
| ***အခြေခံအ ဆောက်အဦ*** | ၁။ ကျေးရွာတွင်းလမ်း ကွန်ကရစ် ခင်းခြင်း | ၅၀ | ၁ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်းနှင့် ရန်ပုံငွေရရှိရေး ဆောင်ရွက်ခြင်း<br>• စိတ်ပါဝင်စားမှုနှင့် ပညာရှင်များရှိအောင် ဆောင်ရွက် ခြင်း<br>• စည်းလုံးဆောက်ရွက်မှုနှင့် ပစ္စည်းများသယ်ယူရန် အခက် အခဲ မရှိရန် ဆောင်ရွက်ခြင်း | • ကျေးလက်/ သက်ဆိုင် ရာ ဦးစီး ဌာန |
| ***ကျန်းမာရေး ကဏ္ဍာ*** | | | | | |
| **အခြေခံအ ဆောက်အဦ** | ၂။ ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း | ၄၁ | ၂ | • မြေနေရာရရှိရေး စည်းလုံးဆွေးနွေးဆောင်ရွက်ခြင်း<br>• ရန်ပုံငွေရရှိနိုင်ခြင်းနှင့် အသိပညာအတက်ပညာရှင်များရှိ ခြင်းနှင့် လုပ်ငန်းသုံးပစ္စည်းများ သယ်ယူရန် အခက်အခဲ မရှိခြင်း<br>• ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ဖွဲ့စည်းနိုင်ခြင်း | • ကျေးလက်/ သက်ဆိုင် ရာ ဦးစီး ဌာန |

| | | | | | |
|---|---|---|---|---|---|
| *လူငယ် ကဏ္ဍ* | | | | | |
| **အခြေခံအဆောက်အဦ** | ၃။ စာကြည့်တိုက် တည်ဆောက်ခြင်း | ၃၆ | ၃ | • မြေနေရာ ရရှိရေး စည်းလုံးဆွေးနွေးဆောက်ရွက်နိုင်ခြင်း<br>• ရန်ပုံငွေနှင့် စာအုပ်များရရှိရန် သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်နိုင်ခြင်း | • ကျေးလက်/ သက်ဆိုင် ရာ ဦးစီး ဌာန |
| *အုပ်ချုပ်ရေး ကဏ္ဍ* | | | | | |
| **လျှပ်စစ်** | ၄။ လျှပ်စစ် မီးလင်းရေး ဆောင်ရွက်ခြင်း | ၃၆ | ၄ | • အသိပညာရှင်များနှင့် နည်းပေး လမ်းညွှန်သူများနှင့် သက်ဆိုင်ရာ ဦးစီးဌာနနှင့် ချိတ်ဆက်နိုင်ခြင်း<br>• စည်းလုံးထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း | • ကျေးလက်/ သက်ဆိုင် ရာ ဦးစီး ဌာန |
| *အုပ်ချုပ်ရေး ကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၅။ လမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ခြင်း | ၂၅ | ၅ | • သတ်မှတ်ခံနိုင်ဝန်ထက်ပိုသော ယာဉ်များဖြတ်သန်း သွားလာခြင်းကို တားမြစ်နိုင်ခြင်း<br>• လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ တရာဥပဒေနှင့် အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ခြင်း<br>• ရန်ပုံငွေများ တောင်းခံနိုင်သည့် သက်ဆိုင်ရာဦးစီးဌာနရှိခြင်း | • ကျေးလက်/ သက်ဆိုင် ရာ ဦးစီး ဌာန |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင် အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစား ပေး အ ဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်း ကွန်ကရစ် ခင်းခြင်း | ၁ | √ | | | | |
| ၂ | ဆေးပေးခန်းတည်ဆောက်ခြင်း | ၂ | | √ | | | |
| ၃ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၃ | | | √ | | |
| ၄ | လျှပ်စစ်မီးလင်းရေး ဆောင်ရွက် ခြင်း | ၄ | | | | √ | |
| ၅ | လမ်းပျက်စီးခြင်းအား ပြုပြင် ခြင်း | ၅ | | | | | √ |

### (ဇ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင် အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်း တစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို

ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (ကျပ်သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံး စရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | ၁၅၀ | | ၁၅၀ | | |
| ၂ | ဆေးပေးခန်းတည်ဆောက်ခြင်း | ၅၀ | | ၅၀ | | |
| ၃ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၁၀၀ | | ၁၀၀ | | |
| ၄ | လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခြင်း | ၃၀၀ | | ၃၀၀ | | |
| ၅ | လမ်းပျက်စီးခြင်းအား ပြုပြင် ခြင်း | ၁၅ | ၁၅ | | | |

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင် အကောင်အထည်ဖော် မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက် နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာ အသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူ ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်း သည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေး ဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ် လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှု ဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသော အဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေး အတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

## (၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်းဘိုးကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာ တွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက် နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်း အချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ သုံးလပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

### (၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

### (၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာန များသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့်

ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေ များကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကိုမြို့နယ်အဖွဲ့အစည်းများထံမှလိုအပ်မည်ဖြစ်သည်။

## ပန်းတနော်မြို့နယ်၊ မင်းဆယ်ကျေးရွာအုပ်စု၊ ကျွန်းဘိုးကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းမည့် နည်း လမ်းများ | အဆိုပြု ဖွံ့ဖြိုးရေး လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **ကျေးရွာအခြေခံအဆောက်အဦ** | | | | | |
| | • ကျေးရွာတွင်းလမ်း မကောင်းခြင်း | • မိုးတွင်းကာလတွင် ရေကြီးခြင်း<br>• ပြုပြင်ထိန်းသိမ်းသူ မရှိခြင်း<br>• သတ်မှတ်ခံနိုင်ဂန် ထက်ပိုသော ယာဉ်များ ဖြတ်သန်း သွားလာခြင်း<br>• တရားဥပဒေနှင့် အညီ ထိရောက်စွာ အရေးယူမည့် အဖွဲ့အစည်း မရှိခြင်း<br>• ရန်ပုံငွေရရှိရန် ဦးဆောင်မည့်အဖွဲ့အစည်းမရှိခြင်း<br>• သက်ဆိုင်ရာနှင့်ချိတ်ဆက်မှု အားနည်းခြင်း | • စိတ်ပါဝင်စားသူများရှိခြင်း<br>• စည်းလုံးညီညွတ်မှုရှိခြင်း<br>• သက်ဆိုင်ရာ ဦးစီးဌာနရှိခြင်း | • သက်ဆိုင်ရာ နှင့် ချိတ်ဆက်ရန် အားနည်း ခြင်း | • ရန်ပုံငွေရရှိရေး သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြရန်<br>• လမ်းဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းရန်<br>• ကျေးရွာတွင်းလမ်း အား ပြုပြင်ထိန်းသိမ်းရန်<br>• လမ်းအား အဆင့်မြှင့်တင်ရန် | • ရန်ပုံငွေရရှိရေး သက်ဆိုင်ရာ ဦးစီးဌာနသို့ တင်ပြခြင်း<br>• လမ်းဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းခြင်း<br>• ကျေးရွာတွင်း ပြုပြင်ခြင်း<br>• ကျေးရွာတွင်းလမ်းအား ကွန်ကရစ် ခင်းခြင်း |
| | • စာကြည့်တိုက်မရှိခြင်း | • ရန်ပုံငွေမရှိခြင်း<br>• မြေနေရာမရှိခြင်း<br>• ဦးဆောင်မည့် အဖွဲ့အစည်း မရှိခြင်း<br>• အသိပညာများအားနည်းခြင်း<br>• ရန်ပုံတောင်းခံရန် သက်ဆိုင်ရာ ဦးစီးဌာနနှင့် ချိတ်ဆက်မှု အားနည်းခြင်း | • စိတ်ပါဝင်စား သည့် လူငယ်များရှိခြင်း<br>• သက်ဆိုင်ရာဦးစီးဌာနရှိခြင်း<br>• လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူနိုင်ခြင်း<br>• ဟောပြောပွဲများကျင်းပရန် ကျယ်ဝန်းသည့် နေရာရှိခြင်း | • ရန်ပုံငွေ လုံလောက်စွာမရှိခြင်း | • စာကြည်တိုက် ဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းရန်<br>• မြေနေရာရရှိရေး အလှူရှင်များကို စည်းလုံးဆွေးနွေးရန်<br>• ရန်ပုံငွေနှင့် စာအုပ်များ ရရှိရေး သက်ဆိုင်ရာ ဦးစီး ဌာနသို့တင်ပြရန်<br>• အသိပညာပေး ဟောပြောပွဲများ ကျင်းပရန် | • စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းခြင်း<br>• မြေနေရာရရှိရေးစည်းရုံးဆွေးနွေး ခြင်း<br>• ရန်ပုံငွေနှင့် စာအုပ်များရရှိရေး သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြခြင်း<br>• အသိပညာပေး ဟောပြောပွဲများ ကျင်းပခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းမည့် နည်း လမ်းများ | အဆိုပြု ဖွံ့ဖြိုးရေး လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂။ | **ကျန်းမာရေးကဏ္ဍ** | | | | | |
| | • ကျေးလက် ဆေးပေးခန်းမရှိခြင်း | • ရန်ပုံငွေမရှိခြင်း<br>• ဦးဆောင်မည့် အဖွဲ့အစည်း မရှိခြင်း<br>• မြေနေရာမရှိခြင်း<br>• ကျန်းမာရေး အသိအမြင် နည်းပါးခြင်း<br>• သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်မှု အားနည်းခြင်း | • စိတ်ပါဝင်စားသူများရှိခြင်း<br>• သက်ဆိုင်ရာဦးစီးဌာန ရှိခြင်း<br>• ဟောပြောပွဲများကျင်းပရန် နေရာရှိခြင်း<br>• မြေနေရာလှူဒါန်းမည့် သူများရှိခြင်း | • ရန်ပုံငွေ လုံလောက်စွာ မရှိခြင်း | • ဆေးပေးခန်း ဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းရန်<br>• ရန်ပုံငွေရရှိရေး သက်ဆိုင်ဦးစီးဌာနသို့ တင်ပြရန်<br>• ကျန်းမာရေး အသိအမြင်များတိုးပွားစေရန် ဟောပြောပွဲများ ကျင်းပရန် | • ဆေးပေးခန်း ဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းခြင်း<br>• ရန်ပုံငွေရရှိရေး သက်ဆိုင်ဦးစီးဌာနသို့ တင်ပြခြင်း<br>• ကျန်းမာရေး အသိအမြင်များ တိုးပွားစေရန် ဟောပြောပွဲများ ကျင်းပခြင်း |
| ၃။ | **လျှပ်စစ်** | | | | | |
| | • လျှပ်စစ်မီး မရရှိခြင်း | • လျှပ်စစ်မီး၏ အကျိုးကျေးဇူးများ သိရှိမှု အားနည်း ခြင်း<br>• ဆောင်ရွက်ရမည့် နည်းလမ်းများ မသိရှိခြင်း<br>• ရန်ပုံငွေ မရှိခြင်း<br>• ဦးဆောင်မည့် အဖွဲ့အစည်းများ မရှိခြင်း | • သက်ဆိုင်ရာ ဦးစီးဌာန ရှိခြင်း<br>• စိတ်ပါဝင်စားသူ များ ရှိခြင်း<br>• မဟာဓါတ်အား လိုင်းနှင့် နီးကပ်စွာ တည်ရှိခြင်း | • ရန်ပုံငွေ လုံလောက်မှု မရှိခြင်း | • လျှပ်စစ်မီး၏ အကျိုးကျေးဇူးများ သိရှိနိုင်အောင် ဟောပြောပွဲများ ကျင်းပ ရန်<br>• ရန်ပုံငွေရရှိရေး သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြရန်<br>• မီးလင်းရေး ကော်မတီ ဖွဲ့စည်းရန် | • လျှပ်စစ်မီး၏ ကောင်းကျိုးများ သိရှိနိုင်အောင် ဟောပြောပွဲများ ကျင်းပခြင်း<br>• ရန်ပုံငွေရရှိရေး သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြခြင်း<br>• မီးလင်းရေးကော်မတီ ဖွဲ့စည်းခြင်း |

| မင်းဆယ်ကျေးရွာအုပ်စု၊ ကျွန်းဘိုးကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | | | | | | |
|---|---|---|---|---|---|---|
| | | | | | | |
| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
| ၁ | ဦးထွန်းလင်း(၁) | ဦးကျော်သိန်း | ၁၄/ပတန(နိုင်)၀၃၁၂၄၅ | ၄၂ | ဥက္ကဋ္ဌ | |
| ၂ | ဦးဟန်တင်စိုး | ဦးဘထွန်း | ၁၄/ပတန(နိုင်)၀၃၁၂၄၁ | ၃၇ | အတွင်းရေးမှူး | |
| ၃ | ဦးစန်းဝင်း | ဦးဝင်းမြင့် | ၁၄/ပတန(နိုင်)၀၆၄၁၆၂ | ၃၅ | ဘဏ္ဍာရေးမှူး | |
| ၄ | ဦးနေသူရ | ဦးကျော် | ၁၄/ပတန(နိုင်)၂၁၂၆၀၅ | ၂၁ | တွဲ - ဘဏ္ဍာရေးမှူး | |
| ၅ | ဦးဇင်မင်းဖြိုး | ဦးစိန်ဝင်း | ၁၄/ပတန(နိုင်)၂၁၁၇၆၂ | ၂၁ | စာရင်းကိုင် | ၀၉-၉၇၃၂၉၄၈၁၁ |
| ၆ | ဒေါ်ချစ်ပန်ပန် | ဦးမြဝင်း | ၁၄/ပတန(နိုင်)၂၂၅၁၄၇ | ၂၇ | သော့ကိုင်(၁) | ၀၉-၇၇၂၄၈၅၂၇၃ |
| ၇ | ဒေါ်ရွှေဇင် | ဦးသန်းဌေး | ၁၄/ပတန(နိုင်)၀၉၃၅၉၅ | ၂၇ | သော့ကိုင်(၂) | ၀၉-၇၉၁၄၅၄၁၁၂ |
| ၈ | ဦးထွန်းလင်း(၂) | ဦးစိန်ဝင်း | ၁၄/ပတန(နိုင်)၀၆၃၁၈၅ | ၃၅ | အဖွဲ့ဝင် | |
| ၉ | ဦးကျော်သက် | ဦးယောဟန် | ၁၄/ပတန(နိုင်)၂၁၀၂၀၂ | ၂၅ | အဖွဲ့ဝင် | |
| ၁၀ | ဦးချစ်ပို | ဦးအောင်ဝင်းကြိုင် | ၁၄/ပတန(နိုင်)၂၂၈၇၂၀ | ၂၄ | အဖွဲ့ဝင် | ၀၉-၇၆၇၂၇၀၂၈၆ |
| ၁၁ | ဒေါ်ကေခိုင်ဦး | ဦးထွန်းသောင်း | ၁၄/ပတန(နိုင်)၂၂၅၁၂၂ | ၂၅ | အဖွဲ့ဝင် | ၀၉-၇၆၆၈၉၈၉၈၅ |

## (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၁၃ | ၂၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၇ | ၁၉ | ၄၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၇ | ၄၃ | ၈၀ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၄ | ၄၁ | ၇၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၆၃ | ၂၈၀ | ၅၄၃ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၂ | ၂၇ | ၄၉ |
| စုစုပေါင်း | | ၃၉၀ | ၄၂၃ | ၈၁၃ |
| စုစုပေါင်း အိမ်ထောင်စု(၁၆၈)အိမ်ထောင်စု | | ပျမ်းမျှလူဦးရေ(၄.၈၃)ယောက် | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၆၈)အိမ်ထောင်စုရှိပြီး ၄င်းအိမ်ထောင်စုလူဦးရေမှာ(၈၁၃)ဦးရှိပါသည်။ ၄င်းလူဦးရေတွင် အလုပ်လုပ်နိုင်သူဦးရေသည် မှီခိုသူဦးရေထက်များပါသည်။ သက်ကြီးရွယ်ကြီးဦးရေမှာ ကျေးရွာရှိ လူဦးရေ၏ (၆.၀၃)ရာခိုင်နှုန်းသာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဉတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၄၄၆.၅ | သင့် | အနည်းအကျဉ်း | ချောင်း |
| ယာမြေ | - | - | - | - |
| ဥယျာဉ်ခြံမြေ | ၆၆.၇ | သင့် | အနည်းအကျဉ်း | ချောင်း |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| ကိုင်း/ကျွန်းမြေ | ၄၈.၅၀ | သင့် | အနည်းအကျဉ်း | ချောင်း |
| စားကျက်မြေ | ၃၆ | သင့် | အနည်းအကျဉ်း | ချောင်း |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | - | - | - | - |
| စုစုပေါင်း | ၅၉၇.၇ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**။ ။ကျွန်တော်တို့ကျေးရွာ၏ ပိုင်ဆိုင်သော မြေအမျိုးအစားမှာ လယ်မြေ၊ ဥယျာဉ်ခြံမြေ၊ ကိုင်းမြေနှင့် စားကျက်မြေဖြစ်ပြီး စိုက်ပျိုးမြေအတွက် ရေရရှိမှုမှာ ချောင်းရေမှသာ ရရှိပြီး အဓိကအားဖြင့် ချောင်းရေကိုသာ အသုံးပြုကြပါသည်။ ကျေးရွာ အနေဖြင့် လယ်မြေယာမြေတွင် အများဆုံးလုပ်ကိုင်ပြီး၊ ကိုင်းမြေနှင့် ဥယျာဉ်ခြံများတွင် လုပ်ကိုင် ဆောင်ရွက်လျက်ရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်သာရှိပါသည်။ ရေရရှိမှုမှာ အနည်းငယ်သာ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု<br>(လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | နည်း | ခက် |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | ခက် |
| ပျမ်းမျှအပူချိန် -( ၂၉.၉၈ ) | ပျမ်းမျှ မိုးရေချိန် - ( ၈၇ ) | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**။ ။ ကျွန်တော်တို့ကျေးရွာအနေဖြင့် ဓါတ်သ တ္တုနှင့် အခြားသဘာဝရင်းအမြစ်များ ရရှိမှုနှင့် အသုံးပြုနိုင်မှုအခြေအနေမှာ မရှိသလောက်နည်းပါး ပါသည်။ ထို့ပြင် အပင်မျိုးစိတ် များမှာလည်း အနည်းငယ်သာတွေ့ရှိရပြီး အသုံးပြုရန် ခက်လျက်ရှိ ကြောင်း လေ့လာတွေ့ရှိရ ပါသည်။ သဘာဝရင်းအမြစ်များရရှိနိုင်သော်လည်း လမ်းပန်းဆက်သွယ် ရေး ခက်ခဲသောကြောင့် အသုံးပြုရန် ခက်ခဲပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ဂေါပက | ၁☐ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အလွန်ကောင်းပြီး စည်လုံးညီညွတ်လျက်ရှိပါသည်။ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| ၂ | ကျောင်း ကော်မတီ | ၁☐ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အသင့်အတင့်ကောင်းမွန်ပါသည်။<br>ပူးပေါင်းပါဝင်မှု ကောင်းပါသည်။ |
| ၃ | အုပ်ချုပ်ရေး | ၁☐ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အသင့်အတင့်ကောင်းမွန်ပါသည်။<br>စီမံအုပ်ချုပ်ရာတွင်<br>ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ပါသည်။ |
| ၄ | လူငယ်အဖွဲ့ | ၁☐ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အသင့်အတင့်ရှိပြီး လုပ်ငန်း<br>အောင်မြင်ရေးအတွက် တက်ကြွစွာ<br>ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ |
| ၅ | မီးသတ် အဖွဲ့ | ၁☐ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အသင့်အတင့်ရှိပြီး လုပ်ငန်းကို<br>အဆင်ပြေစွာ လုပ်ဆောင်လျက်<br>ရှိပါသည်။ |
| ၆ | အမျိုးသမီး ရေးရာအဖွဲ့ | ၁☐ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အသင့်အတင့်ရှိပြီး လုပ်ငန်းကို<br>အဆင်ပြေစွာ လုပ်ဆောင်လျက်<br>ရှိပါသည်။ |
| ၇ | | ၁☐ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာလူထုအခြေပြုအဖွဲ့အစည်း (၆)ဖွဲ့ရှိပါသည်။ ထိုအဖွဲ့များမှာ ဂေါပကအဖွဲ့၏ စွမ်းဆောင်ရည်မှာ အလွန်းကောင်းမွန်၍ စည်းလုံးညီညွတ်ပါသည်။ ကျောင်းကော်မတီအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ လူငယ်အဖွဲ့၊ မီးသတ်အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့တို့မှာ လုပ်ငန်းလည်ပတ်ရေးနှင့် ကျေးရွာအတွက် ဝိုင်းဝန်း

လုပ်ဆောင်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၂၀ဧကမှ ၅၀ဧက | ၁၀ဧကမှ၂၀ဧက | ၀.၁ဧကမှ၁၀ဧက | - |
| အိမ်အခြေအနေ | တိုက် | သစ် | သွပ်မိုး၊ပျဉ်ခင်း | ဓနိမိုး၊ဝါးခင်း |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ဆန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက် | ရေတင်စက်၊ လက်တွန်းစက်၊ မြတ်ခုတ်စက် | ဓါး၊တဇင်၊ ပေါက်တူး | ဓါး |
| အဓိကစီးပွားရေး လုပ်ငန်း | ပဲဒိုင်၊ စပါးဒိုင်၊ စိုက်ပျိုးရေး | စိုက်ပျိုးရေး | ကျဘမ်း | ကျဘမ်း |
| **အိမ်ထောင်စု** | ၄ | ၁၆ | ၆၉ | ၇၉ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ ကျွန်တော်တို့ကျေးရွာရှိ အိမ်ထောင်စု များ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသောအိမ်ထောင်စု၏ ပိုင်ဆိုင်မှုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု၏ ပိုင်ဆိုင်မှုကို နှိုင်းယှဉ်မည်ဆိုပါက အလွန်ကွာခြားနေပြီး အလွန်မပြေလည်သော အိမ်ထောင်စုမှာ ကျေးရွာတွင်(၄၁.၃၆)ရာခိုင်နှုန်းရှိပြီး အဆိုပါအိမ်ထောင်စုများအတွက် အလုပ်လုပ်ကိုင်ရန် ငွေကြေးအရင်းအနှီးများ လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၄.၂) သီးနှံထုတ်လုပ်ရေး

#### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| **စဉ်** | **မြေပိုင်ဆိုင်မှုအရွယ်အစား** | **အိမ်ထောင်စု အရေအတွက်** | **အိမ်ထောင်စု %** | **ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်** |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၇ | ၄၈.၈၃ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၂၇ | ၁၆.၀၈ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာ ထိ) | ၂၄ | ၁၄.၂၉ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာ ထိ) | ၃၁ | ၁၈.၄၅ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက်(၅ဟတ်တာနှင့် အထက်) | ၉ | ၅.၃၅ | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း** | **၁၆၈** | **၁၀၀%** | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ကျွန်တော်တို့ကျေးရွာ၏ အိမ်ထောင်စု များ၏ မြေယာပိုင်ဆိုင်မှုမှာ အိမ်ထောင်စု(၅၅)အိမ်ထောင်စုသည် မြေယာမဲ့အိမ်ထောင်စုများဖြစ်ပြီး ကျန်အိမ်ထောင်စု များမှာ မြေယာအား အသင့်အတင့်ပိုင်ဆိုင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစု ပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး(မိုး) | ၂၃၅.၇ | တင်း | ၅၀ | ၇၀ | ၆၀ | အသင့်အတင့်အကျိုးအမြတ်ရှိ၊ သယ်/ယူခက်ခဲရှိ |
| စပါး(နွေ) | ၁၅၀ | တင်း | ၈၀ | ၁၂၀ | ၁၀၀ | အသင့်အတင့်အကျိုးအမြတ်ရှိ၊ သွင်းအားစုများ ဈေးနှုန်းကြီးမြင့် |
| ပဲ | ၂၁၂ | တင်း | ၈ | ၁၂ | ၁၀ | အနည်းငယ်အကျိုးအမြတ်ရှိ၊ ရာသီဥတုဖေါက်ပြန် |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျွန်တော်တို့ကျေးရွာရှိ တောင်သူများ အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါးနှင့် ပဲတို့ကိုသာ စိုက်ပျိုးကြပါသည်။ စပါးနှင့် ပဲတို့စိုက်ပျိုးရာတွင် သယ်ယူပို့ဆောင်ရေး ခက်ခဲခြင်းနှင့် ရာသီဥတုဖေါက်ပြန်မှုခြင်း၊ သွင်းအားစုများ ဈေးနှုန်းကြီး မြင့်ခြင်းတို့ကြောင့် အကျိုးအမြတ်မှာ အသင့်တင့်သာရှိရခြင်းဖြစ်ပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၆ | ၁၆ |
| နို့စားနွား | | |
| ကျွဲ | | |
| မြင်း | ၁ | ၁ |
| မြည်း | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း<br>လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| လား | | |
| ဆိတ် | ၁ | ၂ |
| သိုး | | |
| ဝက် | ၉ | ၁၄ |
| ကြက် | ၇၄ | ၆၅၅ |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | ၁ | ၁၃၀၀ |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာရှိ အိမ်ထောင်စုများ၏ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုအခြေအနေမှာ တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်လျက်ရှိပြီး မွေးမြူသောတိရစ္ဆာန်များမှာ နွား၊ မြင်း၊ ဆိတ်၊ ဝက်၊ ကြက်နှင့် ငါးတို့ ဖြစ်ကြပါသည်။ ခိုင်းစေးရန် နွားနှင့် မြင်းကို မွေးမြူကြပြီး၊ စားသုံးရန် ဆိတ်၊ ဝက်၊ ကြက်နှင့် ငါးတို့ကို မွေးမြူကြပါသည်။ ကျွန်တော်တို့ကျေးရွာအနေဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းများကို စီးပွားဖြစ် လုပ်ကိုင်နိုင်ရန် ငွေကြေးအရင်းအနှီးနှင့် မြေနေရာများ အခက်အခဲရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၁ | ၂ | ၂ | နိမ့်၊ ရင်းနှီးငွေ နည်းပါးခြင်း |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၃ | ၃ | ၃ | နိမ့်၊ အလုပ်အကိုင်နည်းပါးခြင်း |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၂ | ၅ | ၅ | နိမ့်၊ပြင်ဆင်မှု နည်းပါးခြင်း |
| ၆ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊ | ၃ | ၅ | ၅ | နိမ့်၊လုပ်ငန်းအပ်နှံမှု နည်းပါးခြင်း |

| | | | | | |
|---|---|---|---|---|---|
| | အပ်ချုပ်၊အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၃ | ၈ | ၈ | လတ်၊ ရာသီအလိုက် ဝယ်/ရောင်းလုပ်နိုင်ခြင်း |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၂ | ၄ | ၄ | နိမ့်၊လုပ်ကိုင်ဆောင်ရွက်ရမှု နည်းပါးခြင်း |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | ၁ | ၁၃ | ၁၃ | မြင့်၊ အဆင်ပြေစွာ ရပ်တည်နိုင်ခြင်း |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေး လုပ်ငန်းများ | ၁ | ၁ | ၁ | နိမ့်၊ လုပ်ကိုင်ဆောင်ရွက်ရမှု နည်းပါးခြင်း |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက် ဖော်ပြပါလုပ်ငန်းများမှအပ) | ၅ | ၁၂၇ | ၁၂၇ | နိမ့်၊ ကျဘမ်းနှင့် အခြားလုပ်ငန်းများကို ပုံမှန်မလုပ်ကိုင်နိုင်ခြင်း |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၆၈** | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွား ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသည့် အိမ်ထောင်စုများ၏ ရပ်တည်မှုများ နိမ့်ပါးပြီး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ငွေကြေးအရင်းအနှီးနည်းပါးခြင်း၊ အလုပ်အပ်နှံသူ နည်းပါးခြင်း၊ ပုံမှန် အလုပ်အကိုင် မရှိခြင်းတို့ကြောင့် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | **အနီးဆုံးဈေး** (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | **အကြီးစားဈေးကွက်** (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | ပန်းတနော် | ရန်ကုန် |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀ မိုင် အထက် ☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာနှင့် အနီးဆုံးဈေးမှာ ပန်းတနော်မြို့ဈေးဖြစ်ပြီး၊ ကျေးရွာနှင့် ၅မိုင်အတွင်းကွာဝေးလျက်ရှိပါသည်။ အကြီးစားဈေးကွက်မှာ ရန်ကုန်မြို့ဈေးဖြစ်ပြီး၊ ၅၀မိုင် အတွင်း ကွာဝေးလျက်ရှိပါသည်။ ကုန်ပစ္စည်းများကို သယ်ယူရာတွင် စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ကား များကိုသာ အဓိကထားအသုံးပြုရပြီး မိုးတွင်းကာလတွင် စက်လှေများဖြင့် သယ်ယူနေရကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☐၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐ ၁–၅ မိုင်☐ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐ ၁–၅ မိုင်☐ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☐၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐ ၁–၅ မိုင်☐ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာအတွင်းရှိလမ်းနှင့် ကျေးရွာအား ဆက်သွယ် ထားသည့် လမ်းများအားလုံးသည် မြေသားလမ်းဖြစ်ပြီး၊ ပွင့်လင်းရာသီဖြစ်သော နွေနှင့် ဆောင်းလတွင်းများမှာသာ သွားလာရန်ကောင်းမွန်သော်လည်း မိုးတွင်းကာလများတွင် ရွှံ့နွံများနှင့် သွားလာရန် အလွန်ခက်ခဲလျက်ရှိပါသည်။ ကျွန်တော်တို့ရွာရှိ ရွာတွင်းလမ်းမှာ ၁မိုင်အတွင်း ရှည်လျားပြီး ကျေးရွာချင်းဆက်လမ်းမှာ ၁ မိုင်မှ ၅မိုင်အတွင်း ကွာဝေးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၅.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| | အသုံးမပြုပါ ☐ | |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် မြစ်ကြောင်းကိုသာ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပြီး မိုးတွင်းကာလများတွင် အဓိကအသုံးပြုပြီး၊ ခရီးအကွာအဝေးအားဖြင့် ၀မိုင် မှ ၁၀ မိုင် အတွင်း ကွာဝေးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | ၃၉ | ၁၆ | ၈၈ | ၉၃ | ၁ | ၁၅ | | | ၂ |

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ကျွန်တော်တို့ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် ပွင့်လင်းရာသီ များ၌ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ထော်လာဂျီနှင့် ကားများကို အဓိထားအသုံးပြုကြပြီး၊ မိုးတွင်းကာလ များတွင် လှေနှင့် စက်လှေများကို အသုံးပြုကြပါသည်။ သယ်ယူပို့ဆောင်ယာဉ်များ ပိုင်ဆိုင်မှုမှာ ကျေးရွာအနေဖြင့် အသင့်အတင့်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | - |
| ဆိုလာစနစ် | ၇၄ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | ၇ |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | - |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၈၇ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာအနေဖြင့် လျှပ်စစ်မီးရရှိမှု အခြေအနေမှာ ဆိုလာစနစ်နှင့် ဒီဇယ်သုံးအင်ဂျင်မှာသာ ရရှိပြီး ဆိုလာစနစ်ကိုသာ အများဆုံးအသုံးပြုလျက်ရှိ ပြီး အသုံးမပြုနိုင်သည့် အိမ်ထောင်စုမှာ (၈၇)အိမ်ထောင်စု ရှိပြီး ဖယောင်းတိုင်းနှင့် အခြားမီးခွက် များကို အသုံးပြုနေရကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၁၅၄ | ၆၂ | ၇၀ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာသည် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် များရရှိရန် ဖုန်း၊ ရေဒီယိုနှင့် တီဗွီတို့အသုံးပြုပြီး သတင်းအချက်အလက်များရယူလျက်ရှိပါသည်။ ၄င်းအနက်မှ ဖုန်းအရေအတွက်သည် အိမ်ထောင်စု အရေအတွက်ထက် နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

# (၆) ပညာရေး

## (၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၅၅ | ၆၂ | ၁၁၇ |
| အလယ်တန်း | ၁၉ | ၂၁ | ၄၀ |
| အထက်တန်း | ၁၃ | ၁၆ | ၂၉ |
| တက္ကသိုလ်/ကောလိပ် | - | - | - |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် မူလတန်းကျောင်းသူ/သားများ အရေအတွက် သည်

အလယ်တန်း၊အထက်တန်း၊တက္ကသိုလ်/ကောလိပ်ရှိသူ အရေအတွက်ထက်များပါသည်။ ကျွန်တော်တို့ ကျေးရွာတွက် လက်ရှိအချက်အလက်ကောက်ယူသည့်နှစ်တွင် တက္ကသိုလ်/ ကောလိပ် ပညာကို သင်ကြားသူများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျောင်းသူ/သားများသည် မူလတန်းမှ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်/ကောလိပ်များသို့ ပညာဆက်လက်ဆည်းပူးရန် ငွေးကြေးချို့တဲ့ခြင်း၊ ကျောင်းစရိတ်ကြီးမြင့်ခြင်းကြောင့် ကျောင်းသူ/သား များအတွက် အခက်အခဲများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က**။ ကျောင်းအဆင့် | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ |
| **ခ**။ရွာမှအကွာအဝေး(မိုင်) | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ**။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ**။ စာသင်ကျောင်း၏<br>စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၂၇၀၀ စတုရန်းပေ | | |
| **င**။အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း☐သင့်☐ညံ့☐ | ကောင်း☐သင့်☐ညံ့☐ | ကောင်း☐သင့်☐ညံ့☐ |
| **စ**။ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ |
| **ဆ**။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ |
| **ဈ**။ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ |
| **ဇ**။ကျောင်းဆရာ/မ ဦးရေ | **ကျား** / **မ** / **ပေါင်း** | **ကျား** / **မ** / **ပေါင်း** | **ကျား** / **မ** / **ပေါင်း** |
| အစိုးရခန့် | ၂ / ၇ / ၉ | | |
| ကျေးရွာခန့် | - / ၃ / ၃ | - / ၃ / ၃ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦးအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာ၏ စာသင်ကျောင်းမှာ မူလတန်း(လွန်)ကျောင်းအဆင့်သာရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာများကို သင်ကြားရန်အတွက် ပန်းတနော်မြို့ပေါ်ရှိ အထက်တန်းကျောင်းများသို့ သွားရောက် သင်ကြားရပါသည်။ မူလတန်း(လွန်)ကျောင်းနှင့် အထက်တန်းကျောင်း၏ အရည်အသွေးမှာ အသင့်အတင့်ရှိပြီး ကျောင်းသုံးပရိဘောဂများ လိုအပ်လျက်ရှိပြီး အာဟာရတိုက်ကျွေးမှုမှာ တခါတရံသာ ရှိပါသည်။ ကျောင်းသားများ အလယ်တန်းနှင့် အထက်တန်းပညာသင်ယူရန် သွားလာရာ၌ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလျက် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါ များ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☐ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☐ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ☐ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☐ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☐ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်☐ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်☐ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☐ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် အဖြစ်များသော ရောဂါများမှာ ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ တီဘီ၊ ဆီးချို၊ သွေးတိုးနှင့် အခြားကူးစက်နိုင်သောရောဂါများ ဖြစ်ပါသည်။ အဆိုပါရောဂါများကို ကြိုတင်ကာကွယ်ရန်နှင့် ကုသရန် ဆေးဝါးနှင့်ကရိယာများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### ၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | √ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | | √ |
| ၃ | ပိုလီယိုရောဂါ | √ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | √ | |

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | **ရှိ** | **မရှိ** |
|---|---|---|---|
| ၅ | ဝက်သက်ရောဂါ | √ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | √ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | √ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | | √ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် လွန်ခဲ့သော (၁၂)လအတွင်း ပိုလီယိုရောဂါ၊မေးခိုင်(ကိုယ်ဝန်ဆောင် ကာလအတွင်း)၊ ဝက်သက်ရောဂါ၊ အခြားစုပေါင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရ မှတ်တမ်းယူမှု အစီအစဉ်များကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး အဆုတ်ရောဂါ၊ ဆုံဆို့ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ၊ အာဟာရပညာပေး အစီအစဉ်များ မရှိပါ ကြောင်း လေ့လာတွေ့ ရှိရပါသည်။

### (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| **ကျန်းမာရေး ဝန်ဆောင်မှု** | **ခရီးအကွာအဝေး (မိုင်)** | **အခန်း/ကုတင်လုံလောက်မှု** |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုရရှိရန် ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက် ကုသမှု ခံယူရပြီး ဆေးကုသမည်ဆိုပါက ၃ မိုင် ကွာဝေးပြီး အခန်းနှင့် ကုတင်များ လုံလောက်မှု ရှိကြောင်းနှင့် ဆေးကုသရန် သွားရောက်ပြသမည်ဆိုပါက လမ်းပန်းဆက်သွယ်ရေး ခက်ခဲလျက်ရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | - | ကောင်း☐ သင့်☐ ညံ့☐ | |
| အဝီစိတွင်း/ စက်တပ် | ၅ | ကောင်း☐ သင့်☐ ညံ့☐ | နွေ၊ မိုး၊ ဆောင်း |
| အဝီစိတွင်း/ တုံကင် | ၇၇ | ကောင်း☐ သင့်☐ ညံ့☐ | နွေ၊ မိုး၊ ဆောင်း |
| မိုးရေ သိုလှောင်ကန် | - | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | ၈၆ | ကောင်း☐ သင့်☐ ညံ့☐ | နွေ၊ မိုး၊ ဆောင်း |
| ရေကန် | - | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် သောက်သုံးရေအတွက် မြစ်ရေ/ချောင်းရေ မှသာရရှိပြီး အဝီစိတွင်း အသုံးပြုနိုင်သော အိမ်ထောင်စုမှာ အနည်းငယ်သာရှိပါသည်။ အဆိုပါ ရေများ၏ ရေအရည်အသွေးမှာ ညံ့ပြီး ကျေးရွာရှိအိမ်ထောင်စုများ ကြိုချက်၍သောက်သုံးလျက်ရှိပါသည်။ မိမိတို့ကျေးရွာ အနေဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရန် လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၆၇ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | ၁ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် အသုံးပြုနေသော အိမ်သာအမျိုး အစားမှာ ရေလောင်း/ယင်လုံအိမ်သာ၊ ဖြစ်ပါသည်။ သန့်ရှင်းသော ယင်လုံအိမ်သာကို အများစုက အသုံးပြု လျက်ရှိပြီး၊

မသန့်ရှင်းသော အိမ်သာအား အသုံးပြုသည့် အိမ်ထောင်စုမှာ မရှိသည့်အတွက်ကြောင့် ကျေးရွာတွင် အိမ်သာနှင့် ဆက်စပ် သည့် ရောဂါများ ဖြစ်ပွားမှုမှာ အနည်းငယ်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိပါ။ အားလုံးနီးပါး စားသောက်နိုင်ပါသည်။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မရှိပါ။ အဝီစိတွင်းများဖြစ် တူးဖော်ဆောင်ရွက်ပါသည်။ |
| ၃ | ရေကြီးခြင်း | ရှိပါသည်။တစ်ခါတစ်ရံသာရှိပါသည်။ |
| ၄ | မိုးခေါင်ခြင်း | မရှိပါ။ |
| ၅ | အအေးလွန်ကဲခြင်း | ရှိပါသည်။ တစ်ခါတစ်ရံသာရှိပါသည်။ |
| ၆ | မုန်တိုင်း | ရှိပါသည်။ တစ်ခါတစ်ရံသာရှိပါသည်။ |
| ၇ | ငလျင် | တစ်ခါတစ်ရံသာရှိပါသည်။ |
| ၈ | မီးဘေး | ရှိပါသည်။ တစ်ခါတစ်ရံသာရှိပါသည်။ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိပါ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိပါ။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | ရှိပါ။ စားသုံးရန် ချက်ပြုတ်မှုကြောင့်ဖြစ်ပါသည်။ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိပါ။ |
| ၁၃ | တီဘီရောဂါ | အနည်းငယ်သာရှိပါသည်။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ။ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိပါ။ |
| ၁၇ | လူကုန်ကူးခြင်း | အလွန်နည်းပါးပါသည်။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည် | လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါသည်။(သာမန်) |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာအနေဖြင့် ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များတွင် ရေကြီးခြင်း၊မုန်တိုင်းတို့သည့် တစ်ခါတစ်ရံဖြစ်ပေါ်တက်ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းမှာ အစဉ် ရင်ဆိုင်နေရသည့် အန္တရာယ်တစ်ခုဖြစ်ပါသည်။ သစ်တောပြုန်းတီးခြင်းရခြင်း အကြောင်းအရင်းမှာ စားသုံးရန် ချက်ပြုတ်သည့်အခါတွင် ထင်မီးကိုသာ အဓိကထားအသုံးပြုသည့် အတွက်ကြောင့် ဖြစ်ရပါသည်။ တီဘီရောဂါမှာလည်း အနည်းငယ်သာဖြစ်ပွားပြီး ကုသရန် ငွေကြေးနည်းပါးကြောင်း လေ့လာ တွေ့ရှိရပါသည်။

### (၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| **အကြောင်းအရာ** | **အန္တရာယ်ရှိမှု (နိမ့်၊လတ်၊မြင့်)** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | စိုက်ပျိုးလာသည်မှာကြာမြင့်လာသည့်အတွက်မြေဆီလွှာများခန်းခြောက်လျက်ရှိ ပသည်။ |

| | | |
|---|---|---|
| အပင်မျိုးစိတ်များ | လတ် | အပင်မျိုးစိတ်များကို လွယ်ကူစွာ မရရှိနိုင်ခြင်း၊ |
| ရေအရင်းအမြစ် | လတ် | သောက်သုံးရန်နှင့် အသုံးပြုရန် ချောင်းနှင့် အဝီစိတွင်းများ မှသာ ရရှိပြီးသန့်ရှင်းသော သောက်သုံးရေမရရှိပါ။ |
| ငါးမျိုးကွဲများ | နိမ့် | ယခင်က ငါးများကို ပေါ့များစွာတွေ့ရှိရပြီးလျော့တိုက်ဖမ်းခြင်း၊ အဆိပ်ချခြင်းများကြောင့် ရှားပါး လျက်ရှိပါသည်။ ငါးဥငါး သန်များ ထိန်းသိမ်း တားဆီးနိုင်မှုမခြင်း |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | ယခင်က တွေ့ရှိရသည့် တိရစ္ဆာန် ကျေးရွာတွင် ယခုမတွေ့ ရတော့ပါ။ (မလွယ်ကူးခြင်း) |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာရှိ မြေဆီသြဇာအခြေအနေမှာ အန္တရာယ်ရှိမှုမှာ အလယ်အလတ်ရှိနိုင်ပါသည်။ စိုက်ပျိုးမြေအများစုမှာ စိုက်ပျိုးလာသည့် အချိန်ကြာမြင့်ခြင်း၊ ဓါတ်မြေသြဇာများ အလွန့်အကျွံအသုံးပြုခြင်းတို့ကြောင့် အန္တရာယ်ရှိမှုမှာ အလယ်အလတ်သာရှိပါသည်။ အပင်မျိုးစိတ်များ၊ ရေအရင်းအမြစ်များ၊ ငါးမျိုးကွဲများ၊ အခြားတိရစ္ဆာန်မျိုးကွဲများမှာ အန္တရာယ်ရှိမှု နိမ့်ပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၁၀) ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါ ဝင်မှု/ခေါင်းဆောင်မှု | ရှိ☐ | မရှိ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ☐ | မရှိ☐ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာရှိ အမျိုးသမီးများသည် ကျေးရွာ စီမံအုပ်ချုပ်မှု စနစ်တွင် အမျိုးသမီးများ ပါဝင်မှု မရှိပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ ပူးပေါင်းပါဝင် တက်ကြွစွာ ပါဝင်ဆောင်လျက်ရှိပါကြောင်း လေ့လာ တွေ့ရှိရပါသည်။

**ကိုးကားစာရင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၈၊မတ်၊

၂။ ပန်းတနော်မြို့နယ်၊ ကျွန်းဘိုးကျေးရွာတွင် ၂၀၁၈ခုနှစ်၊ ဇူလိုင်လတွင် ကျင်းပခဲ့သောကျေးရွာ အခြေ အနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊